# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

August 23 , 2023 Volume 69, Number 16


**၂၃.၈.၂၀၂၃**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၀၃ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၀.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၄၇.၁ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၅၅.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၄၉.၄ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၈.၀၄ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၃၉၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၀.၉၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၉.၈၈၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၁၄-၈-၂၀၂၃ မှ ၁၈-၈-၂၀၂၃) အတွင်း ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၃၇၁၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၅၆၁၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၃၂၅၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၁၁၄၀၀၀ ဈေးမြင့်တက်ခဲ့ပြီး မတ်ပဲ SQ/RC (2023 Crop) ကျပ် ၁၀၉၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၃၂၅၀၀ ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၁၀၅ လုံး (တန်ချိန် ၂၅၂၀) နှင့် မတ်ပဲ SQ/RC (2023 Crop) ကွန်တိန်နာ ၅လုံး (တန်ချိန် ၁၂၀) ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၆၅ လုံး (တန်ချိန် ၁၅၆၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၄၀ လုံး (တန်ချိန် ၉၆၀)နှင့် မတ်ပဲ SQ/RC( 2023 Crop) ကွန်တိန်နာ ၅ လုံး(တန်ချိန် ၁၂၀) စုစုပေါင်းကွန်တိန်နာ ၄၅ လုံး (တန်ချိန် ၁၀၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၂၀၀၀၊ မြွားနီ ကျပ် ၁၂၀၀၀၊ အိမ်မဲ ကျပ် ၁၁၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ ဈေး အသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးဈေးများငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၁၉၀၀ (၃၈၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၀၀၀ (၄၀၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၁၀၀ (၂၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀(၁၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၃၀၀ ဈေး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိကြောင်းသိရသည်။


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒိုး) ကျပ် ၃၆၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၀၅၀၊ ပခုက္ကူကြမ်း ကျပ် ၃၆၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ် ၄၀၀၀၊ ကြံသကာ(စစ်)ကျပ် ၂၈၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၄၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ညောင်ဦးဆေးရှယ် (ထန်း) ကျပ် ၅၀ ဈေးကျဆင်းခဲ့ပြီး ပခုက္ကူကြမ်း ကျပ် ၁၀၀ နှင့် သကြား ကျပ် ၅၀ ဈေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိကြောင်း သိရသည်။

**Source: Domestic(Ygn)–MITC**

## ငါးပတ်ဆက်တိုက် တက်လာတဲ့ဆန်ဈေး

ယနေ့ဩဂုတ် ၂၂ ရက် ရန်ကုန် ဝါးတန်းဈေးကွက်မှာ ဆန် (ဧည့်မထ – သစ်) နဲ့ ရက် ၉၀ (ရှယ်) ဆန်ကလွဲလို့ ကျန်တဲ့ဆန်အမျိုးအစားအားလုံး ဈေးတွေဆက်တက်နေပါတယ်။

ကျပ် ၂၀၀၀၀ တန် ငွေစက္ကူသစ်ထွက်မယ်ဆိုတဲ့ ဗဟိုဘဏ်ကြေညာချက်ထွက်အပြီး နောက်တစ်နေ့ ဇူလိုင် ၂၄ မှာကတည်းက တက်လိုက်တဲ့ဆန်ဈေးဟာ ဒီတစ်ပတ်နဲ့ဆို ငါးပတ် ဖြစ်သွားပါပြီ။

ဘယ်ဆန်အမျိုးအစားတွေ ဘယ်လောက်ဈေးအပြောင်းအလဲဖြစ်သွားလဲဆိုတာကိုတော့ အောက်ပါဇယားကွက်မှာ ကြည့်နိုင်ပါတယ် – (အပြောင်းအလဲဖြစ်သွားတဲ့ဈေးနှုန်းတွေကို အနီရောင်နဲ့ဖော်ပြပေးထားပါတယ်)

| စဉ် | အမျိုးအစား | ဈေးကွက် | ရေတွက်ပုံ | ဈေးနှုန်း (ကျပ်) ၁၄.၈.၂၀၂၃ | ဈေးနှုန်း (ကျပ်) ၂၂.၈.၂၀၂၃ |
|---|---|---|---|---|---|
| ၁ | ဆန် (ဖျာပုံပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ | ၁၁၀၀၀၀ မှ ၁၂၀၀၀၀ |
| ၂ | ဆန်(ဒေးဒရဲပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ | ၁၁၀၀၀၀ မှ ၁၁၈၀၀၀ |
| ၃ | ဆန်(မြောင်းမြ၊ပုသိမ်ပေါ်ဆန်းမွှေး)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ | ၁၁၅၀၀၀ မှ ၁၂၂၀၀၀ |
| ၄ | ဆန်(ပေါ်ဆန်းနယ်စုံသစ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၀၀၀၀ မှ ၁၀၅၀၀၀ | ၁၀၅၀၀၀ မှ ၁၁၀၀၀၀ |
| ၅ | ဆန်(ဧည့်မထ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၇၀၀၀ မှ ၆၉၀၀၀ | ၆၇၀၀၀ မှ ၆၉၀၀၀ |
| ၆ | ဆန်(ငစိန်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၇၀၀၀ မှ ၆၉၀၀၀ | ၆၅၀၀၀ မှ ၇၀၀၀၀ |
| ၈ | ဆန်(ရွှေဘိုပေါ်ဆန်း(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၃၀၀၀၀ မှ ၁၄၀၀၀၀ | ၁၃၀၀၀၀ မှ ၁၄၅၀၀၀ |
| ၉ | ဆန်(ဧည့်မထ ၂၅%) (သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၅၀၀၀ မှ ၆၇၀၀၀ | ၆၅၀၀၀ မှ ၆၈၀၀၀ |
| ၁၀ | ဆန်(ရက် ၉၀ ရှယ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၇၅၀၀၀ မှ ၈၀၀၀၀ | ၇၅၀၀၀ မှ ၈၀၀၀၀ |
| ၁၁ | ဆန်(သီးထပ်)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၆၈၀၀၀ မှ ၆၉၀၀၀ | ၆၉၀၀၀ မှ ၇၀၀၀၀ |
| ၁၂ | ကြာပျံရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၁၀၀၀၀ မှ ၁၁၅၀၀၀ | ၁၁၇၀၀၀ မှ ၁၂၃၀၀၀ |
| ၁၃ | ပေါ်ဆန်းရှယ်(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၂၀၀၀ မှ ၁၀၇၀၀၀ | ၁၀၈၀၀၀ မှ ၁၁၀၀၀၀ |
| ၁၄ | တောင်ပျံ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၁၅၀၀၀ မှ ၁၂၀၀၀၀ | ၁၂၅၀၀၀ မှ ၁၂၇၀၀၀ |
| ၁၅ | ပေါ်ကျွဲ(ဖျာပုံ)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၉၀၀၀၀ မှ ၉၅၀၀၀ | ၁၀၀၀၀၀ မှ ၁၀၂၀၀၀ |
| ၁၆ | တောင်ပျံ(မော်ကျွန်း)(သစ်) | ဝါးတန်း (ရန်ကုန်) | ၁.၅ တင်း | ၁၀၉၀၀၀ မှ ၁၁၀၀၀၀ | ၁၁၅၀၀၀ မှ ၁၂၀၀၀၀ |

**Source:** https://greenwaymyanmar.com/posts/rice_market_price_aug_22

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၁၄-၈-၂၀၂၃ မှ ၁၈-၈-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်ဖြူ၊ ကြက်သွန်နီဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၄၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၄၀၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၃၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မုံရွာရှယ် ကျပ် ၂၅၅၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၅၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၄၅၀ နှင့် မုံရွာလတ်ချော ကျပ် ၁၉၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၃၅၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၃၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၃၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၄၀၀၊ မုံရွာရှယ် ကျပ် ၂၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၀၀၊ မုံရွာလတ်သန့် ကျပ် ၂၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၅၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး( ၇၂၀၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၉၀ စီး (၅၄၀၀၀၀ ပိဿာ)

ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၃၀စီး( ၁၈၀၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၄၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၉၀၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြူကုတ်ရှယ် ကျပ် ၄၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိပါသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ)ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူ အိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: Domestic(Ygn)–MITC**

## တရုတ်ပြည်မကြီးသည် ထိုင်ဝမ်မှ သရက်သီးတင်သွင်းမှုကို ရပ်ဆိုင်းလိုက်

ထိုင်ဝမ်မှ တရုတ်ပြည်မကြီးသို့ တင်သွင်းသည့် သရက်သီးများကို ဩဂုတ်လ (၂၁) ရက်နေ့မှစတင်၍ ရပ်ဆိုင်းထားရန် တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (The General Administration of Customs–GACC) ၏ ဆုံးဖြတ်ချက်သည် တရားဝင်၊ သိပ္ပံနည်းကျနှင့် စံချိန်စံညွှန်းမီ ဇီဝလုံခြုံရေးကြိုတင်ကာကွယ်မှုဖြစ်ကြောင်း နိုင်ငံတော်ကောင်စီရုံးမှ ထိုင်ဝမ်ရေးရာ ပြောရေးဆိုခွင့်ရှိသူ Ms. Zhu Fenglian က ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ အကောက်ခွန်ဌာနသည် ယခုနှစ်အတွင်း ထိုင်ဝမ်မှ တင်သွင်းသည့် သရက်သီးများတွင် အန္တရာယ်ရှိသော အင်းဆက်ပိုးမွှားတစ်မျိုးဖြစ်သည့် passionvine mealybugs ကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ အဆိုပါပိုးမွှားများသည် တရုတ်ပြည်မကြီး၏ စိုက်ပျိုးထုတ်လုပ်မှုနှင့်ဂေဟစနစ်လုံခြုံရေးအတွက် ကြီးမားသောခြိမ်းခြောက်မှုတစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။ ယခုတွေ့ရှိမှုကြောင့် GACC သည် ထိုင်ဝမ်မှသရက်သီးတင်သွင်းမှုကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့မှစတင်ကာ အကန့်အသတ်မရှိ ရပ်ဆိုင်းခဲ့ကြောင်း သိရှိရပါသည်။

GACC သည် ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ချုပ်ဆိုခဲ့သော တရုတ်-ထိုင်ဝမ် စိုက်ပျိုးရေးထွက်ကုန်များ ပိုးမွှားကင်းရှင်းရေးနှင့် စစ်ဆေးရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်အရ ဆောင်ရွက်လျက်ရှိသည့် လမ်းကြောင်းများကို ဆိုင်းငံ့ထားရန် ထိုင်ဝမ်ကို အသိပေးအကြောင်းကြားခဲ့ပြီး အပင်ပိုးမွှားကင်းရှင်းရေး စီမံခန့်ခွဲမှုစနစ်ကို ပိုမိုတိုးတက်ကောင်းမွန်လာစေရန် တောင်းဆိုခဲ့သည်ဟု Zhu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစီအမံများသည် လုပ်ရိုးလုပ်စဉ်၊ သိပ္ပံနည်းကျနှင့် ကျိုးကြောင်းဆီလျော်သော ဇီဝလုံခြုံရေးဆိုင်ရာ ကြိုတင်ကာကွယ်မှုများဖြစ်ပြီး တရုတ်ပြည်မကြီး၏ ဥပဒေများ၊ စည်းမျဉ်းများ၊ စံနှုန်းများနှင့်ညီညွတ်ကြောင်း သူမက ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

တရုတ်နိုင်ငံသည် တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ် အစားအစာဘေးကင်းလုံခြုံရေးနှင့် ပိုးမွှားကင်းစင်ရေးကို အလေးထားဆောင်ရွက်လျက်ရှိပြီး ပိုးမွှားများစစ်ဆေးတွေ့ရှိပါက တင်သွင်းမှုကို ချက်ချင်းဆိုင်းငံ့လေ့ရှိသဖြင့် မြန်မာနိုင်ငံမှ တင်ပို့လျက်ရှိသော စားသောက်ကုန်များ၊ ရေထွက်ကုန်များနှင့်သစ်သီးဝလံများ ပိုးမွှားကင်းစင်ရေးကို အထူးဂရုပြု ဆောင်ရွက်သင့်ပါကြောင်း သုံးသပ်ရပါသည်။

**Source:** www.chinadaily.com.cn/a/202308/21/WS64e31d49a31035260b81d5b4.html

**(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

https://myantrade.gov.mm/article/Naypyitawstp_220820231030

## အမေရိကန်သို့ ပို့ကုန်တင်ပို့မှုဆိုင်ရာ သတင်းများရရှိပြီးနောက် ဗီယက်နမ်နိုင်ငံ၏ ပြည်တွင်းအုန်းသီးဈေးနှုန်း သုံးဆတိုးမြင့်လာ

ဗီယက်နမ်မှ လတ်လတ်ဆတ်ဆတ်အုန်းသီးများကို အမေရိကန်သို့ တင်ပို့နိုင်သည်ဟူသော သတင်းအချက်အလက်များ ထွက်ရှိပြီး နောက် မဲခေါင်မြစ်ဝရှိ အုန်းသီးဈေးနှုန်းများ တက်လာခဲ့သည်။

နှစ်အစပိုင်းတွင် အုန်းသီးလတ်လတ်ဆတ်ဆတ်များ ဈေးနှုန်းမှာ ၁၀ လုံးကို ဗီယက်နမ်ဒေါင် ၁၅၀၀၀-၂၀၀၀၀ ရှိရာမှ ဗီယက်နမ်ဒေါင် ၆၀၀၀၀-၆၅၀၀၀ အထိ သုံးဆတက်လာခဲ့သည်။ အုန်းသီးဈေးနှုန်းများ မြင့်တက်လာရသည့် အကြောင်းရင်းမှာ ကမ္ဘာ့အုန်းသီးဈေးနှုန်းများ တိုးမြင့်မှုကြောင့်ဖြစ်သည်ဟု Ben Trc ၏ စိုက်ပျိုးရေးနှင့်ကျေးလက်ဖွံ့ဖြိုးရေးဌာနက ပြောကြားခဲ့သည်။

ပြည်နယ်၏ အုန်းသီးစိုက်ဒေသသည် နိုင်ငံအတွင်းတွင် အကြီးဆုံးဖြစ်သော်လည်း ကမ္ဘာနှင့်နှိုင်းယှဉ်လျှင် အလွန်သေးငယ်သောကြောင့် အုန်းသီးဈေးနှုန်းသည် ကမ္ဘာ့ဈေးကွက်အပေါ် များစွာမူတည်ကြောင်း ဖော်ပြထားသည်။ ဗီယက်နမ်အုန်းသီးကို အမေရိကန် တရားဝင်ရောင်းချခွင့်ရရှိသည့် သတင်းများဖော်ပြပြီးနောက် ပြည်တွင်းဈေးကွက်၌ အပြုသဘောဆောင်သော အချက်များစွာရှိလာသည်။

နှစ်နှစ်ကျော် ဝယ်ယူမှုကျဆင်းပြီးနောက် ယခုကဲ့သို့ ဝယ်ယူမှုမြင့်တက်လာခြင်းသည် အုန်းစိုက်ပျိုးသူများကို လွန်စွာ စိတ်လှုပ်ရှားစေသည်။ အဘယ်ကြောင့်ဆိုသော် အုန်းပင်များသည် အိမ်ထောင်စုများစွာအတွက် အဓိကဝင်ငွေရင်းမြစ်ဖြစ်သော ကြောင့်ဖြစ်သည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းတချို့ကလည်း အုန်းသီးများတင်ပို့ဖို့ စတင်စီစဉ်ခဲ့ကြသည်။

ဗီယက်နမ်နိုင်ငံသည် ကမ္ဘာ့တစ်ဝန်းတွင် အုန်းသီးထုတ်လုပ်မှုတွင် သတ္တမမြောက်အဆင့်ရှိပြီး ၁၈၈,၀၀၀ ကျော်ခန့်ရှိသည့် ဧရိယာတစ်ခုရှိပြီး အဓိကအားဖြင့် မဲခေါင်ဒေသတွင် အဓိကပါဝင်သည်။ နိုင်ငံ၏ အုန်းသီးထွက်ရှိရာဒေသသည် ကမ္ဘာ့ဒေသ၏ ၁.၆၇ ရာခိုင်နှုန်းဖြစ်ပြီး အာရှအုန်းသီးထွက်ရှိရာဒေသ၏ ၂.၀၇ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

လွန်ခဲ့သောနှစ်က အုန်းသီးပို့ကုန် တစ်နှစ်ဝင်ငွေ အမေရိကန် ဒေါ်လာသန်း ၉၀၀ ခန့် ခန့်မှန်းခဲ့ပြီး ၊ ဗီယက်နမ်နိုင်ငံသည် အာရှ-ပစိဖိတ်ဒေသတွင် အုန်းသီးထုတ်ကုန်တင်ပို့ရာတွင် စတုတ္ထအကြီးဆုံးတင်ပို့သည့်နိုင်ငံဖြစ်သည်။ လတ်တလောတွင် အလုပ်အကိုင် ၁၅,၀၀၀ ကျော်အတွက် အုန်းသီးခွံများ processing ဆောင်ရွက်ခြင်း၊ အုန်းသီးဆံနှင့်အုန်းသီးအရည် ထုတ်လုပ်ခြင်းစသည့်လုပ်ငန်းများမှ အလုပ်အကိုင်များ ဖန်တီးပေးနေပြီး လုပ်ငန်းအရွယ်အစားအမျိုးမျိုးဖြင့် အုန်းသီး ထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၈၅၄ ခုခန့်ရှိကြောင်း သိရှိရပါသည်။

လက်ရှိတွင် အုန်းသီးထုတ်ကုန်များကိုတင်ပို့သည့် စီးပွားရေးလုပ်ငန်း ၉၀ ကျော်ရှိပြီး ၎င်းတို့အနက် ၄၂ ခုမှာ အဆင့်မြင့် ထုတ်လုပ်တင်ပို့လျက်ရှိသည်။ အုန်းသီးထုတ်လုပ်မှု စက်မှုကဏ္ဍအနေဖြင့် အုန်းသီးနှင့်အုန်းသီးအတွက် ထုတ်ကုန်များတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဘီလီယံကျော်ရရှိရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**Source: VN Express**

**(ဝင့်နန္ဒာကျော်ကျော်၊စီးပွားရေးသံမှူး၊ ဗီယက်နမ်)**

https://myantrade.gov.mm/article/Naypyitawstp_220820230435

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ဆီထွက်သီးနှံဈေးနှုန်းများ ယခင်လနှင့်နှိုင်းယှဉ်မှုအခြေအနေ

ဩဂုတ်လအတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျက်ရှိသည့် ဆီထွက်သီးနှံများ၏ ဈေးကွက်အခြေအနေမှာ နှမ်းညို၊ နှမ်းဖြူ၊ နှမ်းနက်၊ မြေပဲလုံးဆန်နီ၊ မြေပဲလုံးဆန်ဖြူများစသည်တို့ ဈေးမြင့်တက်နေကြောင်းသိရသည်။ ယခုတစ်ပတ်တွင်း ဆီထွက်သီးနှံပေါက်ဈေးနှုန်းများ မှာ နှမ်းညို တစ်တင်း (၁၀၅၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်း (၁၂၀၀၀၀-၁၃၅၀၀၀)ကျပ်၊ နှမ်းနက်တစ်တင်း (၁၀၅၀၀၀-၁၂၅၀၀၀) ကျပ်၊ နှမ်းဝါ တစ်တင်း (၁၁၂၀၀၀)ကျပ်ရှိပြီး ယခင်လ (ဇူလိုင်) ကာလတူအချိန် ပေါက်ဈေးနှုန်းမှာ နှမ်းညို တစ်တင်း (၈၉၀၀၀-၉၀၀၀၀)ကျပ်၊ နှမ်းဖြူ တစ်တင်း (၁၁၅၀၀၀-၁၂၀၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်း (၈၅၀၀၀-၉၅၀၀၀)ကျပ်ရှိပြီး ယခုတစ်ပတ်အတွင်း ပေါက်ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက နှမ်းညို တစ်တင်း

(၁၅၀၀၀)ကျပ်ခန့်၊  နှမ်းဖြူ (၁၂၀၀၀)ကျပ်၊ နှမ်းနက် တစ်တင်း (၁၀၀၀၀)ခန့် ဈေးနှုန်းများမြင့်တက်လာကြောင်းသိရသည်။

ယခုတစ်ပတ်တွင်း မြေပဲလုံးဆန်ပေါက်ဈေးနှုန်းနှင့် ဆီဈေးနှုန်းများမှာ မြေပဲလုံးဆန်နီတစ်ပိဿာ (၉၈၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ (၇၉၀၀)ကျပ်၊ မြေပဲဆီ တစ်ပိဿာ(၁၃၀၀၀–၁၃၅၀၀) ကျပ်၊ နှမ်းဆီတစ်ပိဿာ(၁၁၈၀၀–၁၂၀၀၀)ကျပ်ရှိပြီး ယခင်လ (ဇူလိုင်) အတွင်း ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ မြေပဲလုံးဆန်နီ တစ်ပိဿာ(၈၆၀၀–၈၉၀၀)ကျပ်၊ မြေပဲလုံးဆန်ဖြူ တစ်ပိဿာ  (၆၅၀၀–၆၉၀၀)ကျပ်၊ မြေပဲဆီတစ်ပိဿာ(၁၃၀၀၀–၁၃၅၀၀)ကျပ်၊ နှမ်းဆီတစ်ပိဿာ (၁၃၀၀၀)ကျပ် ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက မြေပဲဆန် တစ်ပိဿာ(၁၀၀၀)ကျပ်ခန့် မြင့်တက်ပြီး ပဲဆီမှာဈေးငြိမ်လျက်ရှိကာ နှမ်းဆီတစ်ပိဿာ(၁၀၀၀)ခန့်မြင့်တက်လာကြောင်းသိရသည်။

**Source: မုံရွာ–တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မုံရွာမြို့ကုန်စည်ဒိုင်တွင် အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲမျိုးစုံဈေးနှုန်းများ ယခင်လနှင့်နှိုင်းယှဉ်မှုအခြေအနေ

ဩဂုတ်လအတွင်း မုံရွာမြို့ကုန်စည်ဒိုင်၌ အရောင်းအဝယ်ဖြစ်လျှက်ရှိသော လယ်ယာထွက် ကုန်သီးနှံများဖြစ်သော ဂျုံ၊ ပဲကြီး၊ ပဲစဉ်းငုံ၊ မတ်ပဲ၊ ပဲတီစိမ်းကြီး၊ ပဲတီစိမ်းသေး၊ ပဲကြီး၊ ပဲနီလုံးရိုးရိုး၊ ပဲနီလုံးကြား၊ CP ပြောင်းဖူးစေ့၊ ကုလားပဲမျိုးစုံ၊ ပုဂံ၊ မြေထောက်ပဲ၊ ပဲယင်းဝါ၊ ထောပတ်ပဲစသည် ပဲများအားလုံး ဈေးနှုန်းများမြင့်တက်လာကြောင်းသိရသည်။ ယခုတစ်ပတ်အတွင်း သီးနှံတစ်တင်း ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၈၀၀၀)ကျပ်၊ ဂျုံထွက်တိုး(၆၃၀၀၀)ကျပ်၊ ပဲကြီး(၁၀၃၀၀၀)ကျပ်၊ ပဲစဉ်းငုံ (၁၁၂၀၀၀)ကျပ်၊ မတ်ပဲ(၆၈၀၀၀–၇၁၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး(၅၃၀၀၀–၅၄၀၀၀)ကျပ်၊ ပဲတီစိမ်းသေး( ၅၀၀၀၀)ကျပ်၊ ပဲနီလုံး ရိုးရိုး (၅၇၀၀၀)ကျပ်၊ ပဲနီလုံးကြား(၅၄၀၀၀)ကျပ်၊ ပုဂံပဲ (၉၀၀၀၀) ကျပ်၊ မြေထောက်ပဲ (၁၀၅၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၆၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့(၂၂၀၀၀)ကျပ်၊ ကုလားဖြူလုံးကြီး(၉၂၀၀၀)ကျပ်၊ ကုလားဖြူလုံးသေး(၉၂၀၀၀)ကျပ်၊ ကုလားပဲ 929 (၉၂၀၀၀)ကျပ်၊ ကုလားပဲထိုင်ဝမ်(၉၁၀၀၀)ကျပ်ပေါက်ဈေးရှိကြောင်းသိရသည်။ ယခင်လ(ဇူလိုင်) ကာလတူအချိန် ပေါက်ဈေးနှုန်းများမှာ ဂျုံဖြူသန့် (၆၂၀၀၀)ကျပ်၊ ဂျုံထွက်တိုး(၆၃၀၀၀)ကျပ်၊ ပဲကြီး(၉၆၅၀၀၀)ကျပ်၊ ပဲစဉ်းငုံ(၉၃၀၀၀)ကျပ်၊ မတ်ပဲ(၅၅၀၀၀–၅၈၀၀၀)ကျပ်၊ ပဲတီစိမ်းကြီး(၅၄၅၀၀–၅၅၅၀၀)ကျပ်၊ ပဲတီစိမ်းသေး( ၄၆၅၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး (၅၁၀၀၀)ကျပ်၊ ပဲနီလုံးကြား(၄၈၀၀၀)ကျပ်၊ ပုဂံပဲ (၈၅၀၀၀) ကျပ်၊ မြေထောက်ပဲ (၁၀၅၀၀၀)ကျပ်၊ ပဲယင်းဝါ (၅၂၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့ (၁၉၀၀၀)ကျပ်၊ ကုလားဖြူလုံးကြီး(၈၄၀၀၀)ကျပ်၊ ကုလားဖြူလုံးသေး(၈၄၀၀၀)ကျပ်၊ ကုလားပဲ 929 (၈၄၀၀၀)ကျပ်၊ ကုလားပဲ ထိုင်ဝမ်(၈၃၀၀၀)ကျပ်ပေါက်ဈေးရှိ၍ ယခုတစ်ပတ်အတွင်း ကာလတူအချိန်နှင့်နှိုင်းယှဉ်ပါက ဂျုံဖြူသန့် တစ်တင်း(၉၅၀၀)ကျပ်၊ ဂျုံထွက်တိုးတစ်တင်း(၁၂၀၀၀)ကျပ်၊ ပဲကြီးတစ်တင်း (၆၅၀၀၀)ကျပ်၊ ပဲစဉ်းငုံတစ်တင်း(၁၉၀၀၀)ကျပ်၊ မတ်ပဲတစ်တင်း (၁၀၀၀၀)ကျပ်၊ ပဲတီစိမ်းတစ်တင်း (၃၅၀၀)ကျပ်၊ ပဲနီလုံးရိုးရိုး/ပဲနီလုံးကြား တစ်တင်း(၆၀၀၀)ကျပ်၊ ပုဂံပဲတစ်တင်း (၅၀၀၀) ကျပ်၊ ပဲယင်းဝါတစ်တင်း (၄၀၀၀)ကျပ်၊ CP ပြောင်းဖူးစေ့တစ်တင်း(၃၀၀၀)ကျပ်၊ ကုလားဖြူ(မျိုးစုံ) တစ်တင်း (၈၀၀၀)ကျပ်ခန့် အသီးသီး ဈေးနှုန်းများမြင့်တက်လာကြောင်း သိရသည်။

**Source: မုံရွာ–တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဒေါ်လာဂယက်ကြောင့် ဧရာဝတီတိုင်းမှာ ပဲဈေးနှုန်း ဆက်လက်မြင့်တက်လာ




ဩဂုတ်လအတွင်း ဒေါ်လာဈေးနှုန်း အဆမတန်မြင့်တက်လာတာ၊ ပြည်တွင်းမှာ ပဲလက်ကျန်နည်းပါးလာတာကြောင့် ဧရာဝတီတိုင်းမှာ ပဲဈေးနှုန်းဆက်လက် မြင့်တက်လာတယ်လို့ ပဲ၊ နှမ်းလုပ်ငန်းရှင်တွေဆီကနေ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန်လအတွင်းက တစ်တင်း ကျပ် ၅၅၀၀၀ သာရှိခဲ့တဲ့ မတ်ပဲဟာ ဩဂုတ် ပထမအပတ်မှ ယနေ့အထိ တစ်တင်း ကျပ် ၇၆၀၀၀ ထိ ဈေးနှုန်းမြင့်တက်လာသလို ပဲပုတ်ကလည်း တစ်တင်းကျပ် ၅၀၀၀၀ ကနေ ကျပ် ၇၇၀၀၀ ထိ ဈေးနှုန်း ဆက်လက်မြင့်တက်လာတယ်လို့ သိရပါတယ်။

ကျန်ပဲတွေဖြစ်နေတဲ့ ပဲတီစိမ်း၊ ဘိုကိတ်အပါအဝင် ပဲလွန်းဖြူတို့ကလည်း အမျိုးအစားအပေါ်မူတည်ပြီး ဈေးနှုန်း ဆက်လက်မြင့်တက်လာလို့သိရပြီး ပဲဈေးနှုန်းဟာ ဒေါ်လာဈေးနှုန်းမြင့်တက်လာတာ၊ စိုက်ပျိုးရေးသွင်းအားစုတွေ ဈေးနှုန်း အဆမတန်ကြီးမြင့်နေတဲ့အတွက် ဈေးနှုန်းဆက်လက်မြင့်တက်လာတာဖြစ်တယ်လို့ ပဲ၊ နှမ်းလုပ်ငန်းရှင်တစ်ဦးက ပြောပါတယ်။

"ပဲမျိုးစုံကတော့ ဈေးတက်တယ်၊ ဈေးတက်တယ်ဆိုတာကလည်း လက်ရှိကတော့ ဒီဒေါ်လာဈေးနဲ့ငွေဈေးနဲ့ ငွေဈေးရဲ့ တက်လာတဲ့အပေါ်မှာ တက်လာတာလည်းရှိတယ်၊ နောက်ပြီးတော့ နောက်တစ်ခုက လယ်ယာလုပ်ငန်းတွေမှာ သုံးတဲ့ ဓာတ်မြေဩဇာပေါ့၊ ဒီနေ့ဆိုလို့ရှိရင် ပုလဲဓာတ်မြေဩဇာဆိုရင် ၁၇၀၀၀၀ လောက်ရှိတယ်လေ၊ ထည်ထိုးဖို့ဆိုလို့ရှိရင် ဒီဇယ် (၁)ဂါလံကို ဆိုလို့ရှိရင် လက်ရှိတစ်လီတာကို ၃၂၀၀နဲ့ ၃၅၀၀ နယ်မှာ ပြောတာပေါ့နော်၊ အဲ့လိုမျိုးပေါ့ ဒီစိုက်ပျိုးတဲ့ ဥစ္စာတွေက အားလုံးကို ဈေးတက်လာတာ၊ အဲ့ဒီအပေါ်မှာဘဲ မူတည်ပြီးတော့ ဈေးမြင့်ဈေးနိမ့်တယ်ဆိုတာ အဲ့ဒီအပေါ်မှာမူတည်ပြီးတော့ သွားကြလိမ့်မယ်ခင်ဗျလို့" သူကပြောပါတယ်။

ပဲဈေးနှုန်း ဆက်လက်မြင့်နေတဲ့အတွက် ပြည်တွင်းပဲဈေးကွက်မှာ ပဲဝယ်ယူမှု အနည်းငယ်ကျဆင်းနေပေမယ့် အိန္ဒိယနိုင်ငံ ကတော့ ပဲဝယ်ယူမှု ဆက်ရှိနေတယ်လို့သိရပါတယ်။ ပဲ၊ နှမ်းလုပ်ငန်းရှင်တွေကတော့ ပြည်တွင်းမှာ ပဲလက်ကျန် နည်းပါးနေတဲ့ အတွက် လာမယ့်လပိုင်းတွေအတွင်း ပဲဈေးနှုန်းထပ်မံမြင့်တက်လာနိုင်တယ်လို့ သုံးသပ်နေကြတယ်လို့ သိရပါတယ်။

ရောဝတီဟာ မတ်ပဲ၊ ပဲတီစိမ်း၊ ပဲပုတ်တို့ကို အဓိကစိုက်ပျိုးနေတာဖြစ်ပြီး နှစ်စဉ်ပဲတန်ချိန် သောင်းနဲ့ချီထွက်ရှိနေတာ ဖြစ်တယ်လို့ သိရပါတယ်။ ထွက်ရှိလာတဲ့ ပဲတွေကိုတော့ အိန္ဒိယ၊ ပါကစ္စတန်၊ နီပေါနဲ့စင်ကာပူနိုင်ငံတို့ကို အဓိကတင်ပို့ ရောင်းချနေတာဖြစ်တယ်လို့ သိရပါတယ်။

**MyanmaPlatform မှကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## ကြက်သွန်နီ တစ်ပတ်အတွင်း တစ်ပိဿာကို ၇၀၀ နီးပါး ဈေးမြင့်တက်




မြန်မာ့ကြက်သွန်နီကို တရုတ်ဘက်ကနေ အဝယ်လိုက်လာသည့်အတွက် တစ်ပတ်အတွင်း တစ်ပိဿာကို ငွေကျပ် ၇၀၀ နီးပါးထိ ဈေးတန်းပြန်လည်မြင့် တက်လာကြောင်း ဘုရင့်နောင်ကုန်စည်ဒိုင်မှ သိရသည်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်နှင့် ပခုက္ကူကုန်စည်ဒိုင် ဈေးကွက်တွင် ကြက်သွန်နီတစ်ပိဿာကို ၃၁၀၀ ကျပ်ထိ ပြန်လည်မြင့်တက် လာကာ ပြင်ပလက်လီဈေးကွက်တွင် ကြက်သွန်နီဈေးသည် တစ်ပိဿာကို ၃၅၀၀ ကျပ်မှ ၃၈၀၀ ကျပ်အထိ မြင့်တက်ရောင်းချမှုရှိလာကြောင်းသိရသည်။ "တရုတ်က အဝယ်လိုက်လို့ ဈေးတက်တာပါ။ ခုရက် ကြက်သွန်အဝင်လည်းနည်းပါတယ်။ ၁၆ စီးပဲရှိတယ်။ နယ်မှာလည်း ၂၇၀၀၊ ၂၈၀၀ ရနေတော့ ရန်ကုန်ကိုမတင်ကြဘူး ပေါ့၊ ဒါကြောင့် ရန်ကုန်ကို ခုရက်ပိုင်း ကြက်သွန်အဝင်နည်းသွားပါတယ်။ တရုတ်က တနှစ်ပတ်လုံး ဝယ်တာလည်းရှိတယ်၊ အခုလိုရှားတဲ့အချိန်မှ ဝယ်တာမျိုးလည်းရှိတယ်"ဟု မြန်မာနိုင်ငံ ကြက်သွန်အသင်းဥက္ကဋ္ဌ ဦးခင်ဟန်မှပြောသည်။

ယနေ့ ဩဂုတ်လ ၂၁ ရက်နေ့တွင် ဘုရင့်နောင်ကုန်စည်ဒိုင်ကို ကြက်သွန်နီ ကားအစီးရေ ၁၆ စီး ကုန်ချိန် ၉၆၀၀၀ ဝင်ရောက်မှုရှိကြောင်း၊ ပြီးခဲ့သည့် ရက်များ၌လည်း ၁၅ စီးမှ ၁၆ စီးသားဝင်ရောက်မှုရှိရာ ဆိပ်ဖြူနှင့်မုံရွာ ကြက်သွန်နီ ၂ မျိုး အဓိကဖြစ်သည်။

ပခုက္ကူ ကြက်သွန်နီဈေးကွက်ကိုမူ ယနေ့ ဩဂုတ်လ ၂၁ ရက်နေ့တွင် ကြက်သွန်နီ ကုန်ချိန် ၁၂၅၀၀ ဝင်ရောက်မှုရှိပြီး ပစ္စည်းကောင်းရှားကြောင်းသိရသည်။ လက်ရှိ ကြက်သွန်နီဈေး ပြန်လည်မြင့်တက်လာသည့်အတွက် ရန်ကုန်ဈေးကွက်တွင် အရောင်းအဝယ်အေးနေသလို လက်လီဈေးကွက်တွင်လည်း အရောင်းအဝယ်အေးကြောင်းသိရသည်။ "ဈေးပြန်တက်လာတော့ အရောင်းအဝယ်ပါးသွားတယ်။ လျှော့သုံးလာကြတဲ့သဘောပေါ့။ ဈေးဝယ်သူတော့မပြောနဲ့ အမတောင် ကိုယ်တိုင်ရောင်းပေ မယ့် ကြက်သွန်နီလျှော့သုံးတယ်။ အခုဆို ၃၅၀၀ ရောင်းတယ်။ အလုံးက အရမ်းအချောကြီးမဟုတ်ဘူး။ အသင့်အတင့်ပေါ့ " ဟု ကုန်စုံဆိုင်ပိုင်ရှင် မျိုးမျိုးထွေးမှပြောသည်။

မြန်မာ့ကြက်သွန်နီကို တရုတ်အပြင် ထိုင်း၊ ဗီယမ်နမ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများကိုပါ တင်ပို့ရောင်းချမှုရှိသော်လည်း လက်ရှိတွင် တရုတ်ကသာ အဝယ်လိုက်နေသည့်အတွက် တရုတ်ကို အဓိကတင်ပို့နေရဟု သိရသည်။ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံကို G to G စနစ်ဖြင့် ကြက်သွန်နီတင်ပို့ရန် စီစဉ်နေသော်လည်း လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိသေးဟုသိရသည်။

မြန်မာနိုင်ငံတွင် ကြက်သွန်နီစိုက်ပျိုးမှုအနေဖြင့် ဧကပေါင်း ၁ ဒသမ ၇ သိန်းကျော်ရှိပြီး နှစ်စဉ်တန်ချိန် တစ်သန်းကျော်ထွက်ရှိကြောင်းသိရသည်။ ကြက်သွန်နီကို ပခုက္ကူ၊ ဆိပ်ဖြူ၊ မြစ်သား၊ မုံရွာ၊ ပဲခူးတိုင်းအပြင် ကျန်မြို့နယ်များတွင် စိုက်ပျိုးကြသော်လည်း ပခုက္ကူ၊ မြစ်သား၊ ဆိပ်ဖြူ ၊ မုံရွာကြက်သွန်နီသည် ဈေးကွက်ဝင်ကြောင်းသိရသည်။

(AMIA)

**Source:** Myanma Awba

## STOCK EXCHANGE (23.8.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 23rd Aug. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,037 (Shares) | 117,953,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,400 | +100 | +1.08% | 9,400 | 9,400 | 9,300 | 2,603 | 24,267,800 | 33,109,694 | 311,231 |
| MTSH | 00002 | 3,200 | +0 | +0.00% | 3,200 | 3,200 | 3,150 | 3,136 | 9,996,200 | 38,929,150 | 124,573 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 0 | 0 | 10,400,986 | 83,208 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 2,868 | 4,875,600 | 29,664,613 | 50,430 |
| TMH | 00005 | 2,450 | +0 | +0.00% | 2,450 | 2,450 | 2,450 | 1 | 2,450 | 12,823,224 | 31,417 |
| EFR | 00006 | 2,300 | +0 | +0.00% | 2,350 | 2,350 | 2,300 | 2,080 | 4,802,350 | 19,977,223 | 45,948 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 0 | 0 | 10,497,598 | 51,438 |
| MAEX | 00008 | 1,900 | -100 | -5.00% | 1,900 | 1,900 | 1,800 | 2,929 | 5,465,100 | 23,804,946 | 45,229 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 23rd Aug. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 394.17 | +0.49 | +0.12% | 394.70 | 394.70 | 390.75 | 13,617 | 49,409,500 | 8 | 743,474 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 23rd Aug. 2023

| Trading Volume | Trading Value |
|---|---|
| 35,037 (Shares) | 117,953,500 (MMK) |

### Main Board

As of 1:00 pm, 23rd Aug. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 35,037 (Shares) | 117,953,500 (MMK) |

| MYANPIX | 394.17 ▲ 0.49 |
|---|---|
| Total Volume (shares) | 13,617 |
| Total Value (MMK) | 49 mil |
| Listed Company | 8 |
| Market Cap. (MMK) | 743,474 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,400 | ▲ 100 |
| MTSH | 00002 | 3,200 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,450 | ▲ 0 |
| EFR | 00006 | 2,300 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,900 | ▼ 100 |

TIR